# နိုင်ငံတကာ ဖိအားတဲ့လား

ပြည်ပရောက်နိုင်ငံရေးသမားဆိုပြီး ရောကြိတ်နေတဲ့ အာလိမ်တွေရော အကုန်လုံးက တောင်အော် မြောက်အော် အော်ပြီး နောက် နိုင်ငံငံတကာဖိအားပေးအောင် လုပ်ရမယ် ဘာညာဆိုပြီး လုပ်လာပြန်တယ်။ ပြန်ကြည့်တော့ ပြည်ပနိုင်ငံရေးဆိုတာ နိုင်ငံရေးမလုပ်ရဲလို့ ထွက်ပြေးလာတဲ့ သူတွေဆိုတာတော့ လက်ခံရမှာပေါ့။ မင်းရောပါတယ်လို့ပြောရင် ဟုတ်တယ်လေ နိုင်ငံရေးတလျှောက်လုံး လုပ်ခဲ့တဲ့သူဆိုတော့ နောက်ပေါက်ကမဝင်ဘဲ ရှေ့ပေါက်က ရအောင်ဝင်လာလို့ သူများသနားမှပေးတဲ့ ရဖျူဂျီ မဖြစ်တာပေါ့။ ဒီတော့ ဆက်ရရင် နိုင်ငံရေးသမား ပြည်ပထွက်ပြေးလာရင် ကြောက်ရှုံး ကွဲရှုံးခဲ့လို့ လက်ဇော့ကြိုးဝိုင်းထဲက ပရိသတ်ထဲ ဆင်းထိုင်နေတဲ့ လက်ဇော့သမားအိုကြီးလိုပေါ့။ လက်ဇော့လေးထိုးတတ်နေတော့ အောက်ကနေ အားမလို အားမရ ဘယ်ဝိုက်သွင်းလိုက် ပင့်လက်သီး သွင်းရမယ် ညာဝိုက်ဘာညာ အော်နေတာဘဲပေါ့ ဘယ်လို လုပ်ကြိုးဝိုင်းပေါ်တက်လို့ ရတော့မလဲ။ အာလိမ်တွေကတော့ ဟိုနေ့ရောက်ရင် ဟိုလိုအော် ဒီနေ့ရောက် ဒီလိုအော်ရတော့မှာပေါ့။ နိုင်ငံရေးသမားတောင် နိုင်ငံရေးမလုပ်ရဲလို့ ကြောက်ပြေးလာတဲ့နေရာ ပျင်းစရာကြီး တောင်ပြောမြောက်ပြော တောင်အော်မြောက်အော်လုပ် ဆွေစဉ်မျိုးဆက်ကျွန်ခံဖို့ ခေါ်ပြီးအော်နေကြတာ နောက်တော့ နိုင်ငံတကာဖိအားဆိုပြီး တောပြောမြောက်ပြော လုပ်လာရတာပေါ့။ အာလိမ်ဂေါင်းတွေကတော့ တနေ့စာရင်ရှင်းရမှာ အကုန်မှတ်ထားပါတယ်။ ကိုယ်ကိုယ်ကိုပြန်လဲမကြည့်ဘူး ကိုယ့်ပေးထားတာ သနားစရာကောင်းတဲ့လူသားတွေဖြစ်နေလို့ ကယ်တင်ခံထားတဲ့လူတွေလေ၊ ဒီတော့ ဒီလူတွေပြောတာ နိုင်ငံတကာက လိုက်လုပ်ပါ့မလား။ ဝေးပါသေး၊ ဒီတော့ နိုင်ငံတကာဖိအား ဘယ်ကလာလဲ ရှင်းရှင်းလေးပါ။ **ပြည်တွင်းက ပေးဆပ်တဲ့သူတွေထံကရတာဘဲ။ များများပေးဆပ် များများဖိအားလာမှာပေါ့။ ဒါမို့ ကျုပ်ရောက်ကထဲက ရေးပြီးသား အာဏာရှင်အောက်ကနေ အကျိုးရလဒ်ရအောင် ယူချင်ရင် ပေးဆပ်ယူရတယ်လို့ မီးလောင်တဲ့နေရာ ရေရှိဖို့လိုတယ်လို့။ မြစ်ထဲက မြစ်ရေတွေက သုံးလို့မရဘူးလို့ သီအိုရီထုတ်ထားတယ်လေဗျာ။ လက်ဇော့ကြိုးဝိုင်း အပြင်ရောက်နေတဲ့ လက်ဇော့သမားတွေက ပွဲကြည့်ပရိသတ်နဲ့ အတူထိုင်ပြီး အော်ပေတော့ပေါ့။**

ကျုပ်ပြောပြီးသားပါ နိုင်ငံတနိုင်ငံမှာ သံရုံးတွေရှိကြတာဘဲ ဒီသံရုံးတွေက သူတို့ဘာသာနဲ့ နေ့စဉ် အပတ်စဉ် အစီရင်ခံစာတွေ ပို့နေတာ နှစ်ပေါင်းများစွာ ပြည်ပမှနေထိုင်နေတဲ့သူတွေ ပြောတာ ဒီနိုင်ငံရေးဌာနတွေက ဘယ်လွယ်လွယ် လိုက်လုပ်ပါ့မလဲ။ သူတို့ပါ ငပေါတွေဖြစ်ကုန်မှာပေါ့။

**ဥပမာလေးပြောရရင်**

**ဂျပန်နိုင်ငံသံရုံးဆိုရင် ကျွန်တော်ရှိတုန်းက နိုင်ငံရေးတာဝန်ခံ (မာလုယာမ)(ယခု တခြားနိုင်ငံ သံအမတ်ကြီး)နဲ့ ဝန်ထမ်းကိုချိုတူး(ဦးသာနိုးတပည့်– အင်္ဂလိပ်စာအရမ်းကောင်းဆောင်းပါးတွေတခါတရံရေးတဲ့သူ)တို့ ကြာသပတေး(သို့) သောကြာနေ့မှာ အန်အယ်လ်ဒီရုံးချုပ်ကိုလာပါတယ်။ နောက် သတင်းတွေယူ အခြေအနေမေးပါတယ်။ နောက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကို အပ်ဒိတ်အစီရင်ခံစာပို့နေတာ ဒီက သနားလို့ ထောင်ကျခံအာလိမ်လျှောက်ထားတဲ့သူတွေပြော ဘယ်သူက လက်ခံပါ့မလဲ စဉ်းစားကြပေါ့။ တခြားဒီမိုကရေစီနိုင်ငံက သံရုံးတွေဆိုရင် နေ့တိုင်းလာနေကြ ကဲ ဘယ်လိုဖိအားပေးမလဲ။ နိုင်ငံရေးမှမလုပ်ဖူးဘဲ ရမ်းပြော ရမ်းအော်နေတာ ကျုပ်တော့ ခင်ဗျားတို့အစားရှက်တယ်ဗျာ။**